# ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန



## ပုံစံ ဂ-၁၂၊ ကုမ္ပဏီအမည် ပြောင်းလဲရန်ညွှန်ကြားခြင်း

*ပုဒ်မ ၂၆၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ( ၂၀၁၇ )*

ရုံးသုံးအတွက်သာ

**ကုမ္ပဏီအမည်**

**မှတ်ပုံတင်အမှတ်**

### ၁။ အထွေထွေဖော်ပြချက်

ပုဒ်မ ၂၆၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇)

(က) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခု၏ မှတ်ပုံတင်ထားခဲ့သည့်အမည်ဖြင့် မှတ်ပုံတင်ဆောင်ရွက်ခြင်း မပြုသင့် ကြောင်း သင့်လျော်သည့် အကြောင်းပြချက်များကို လက်ခံယုံကြည်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့် နေ့ရက်၌ ကုမ္ပဏီအမည်အား ပြောင်းလဲရန် စာဖြင့်ရေးသား၍ အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိမှ ကုမ္ပဏီသို့ ပေးပို့နိုင်သည်။ သတ်မှတ်ဖော်ပြထားသည့် နေ့ရက်သည် အကြောင်းကြားစာ ပေးပို့သည့် နေ့ရက်မှ ရက်ပေါင်း ၆၀ ထက် မနည်းသည့်နေ့ရက် ဖြစ်ရမည်။

(ခ) ကုမ္ပဏီသည် ယင်း၏အမည်အား အကြောင်းကြားစာတွင် သတ်မှတ်ဖော်ပြထားသည့်ကာလအတွင်း ပြောင်းလဲခြင်း မပြုခဲ့လျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီအတွက် ၎င်းမှ ရွေးချယ်ပေးသော အမည်သစ်တစ်ခုကို မှတ်ပုံတင်စာအုပ်တွင် ထည့်သွင်းရေးသား ဖော်ပြနိုင်သည်။ အဆိုပါ အမည်အသစ်သည် ဤအပိုင်းအရ မှတ်ပုံတင်နိုင်သည့် အမည် ဖြစ်စေရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ အမည်အသစ်တစ်ခုကို မှတ်ပုံတင်ပေးခဲ့လျှင် ကုမ္ပဏီ၏ အမည်အသစ်ကို မှတ်တမ်းတင်ပြီး ကုမ္ပဏီဖွဲ့စည်း တည်ထောင်ခြင်းဆိုင်ရာ သက်သေခံ လက်မှတ်တစ်စောင်ကို ထုတ်ပေးရမည်။ ကုမ္ပဏီ၏အမည်အသစ်အား မှတ်ပုံတင်ခြင်းသည် ပုဒ်မ ၂၅ အရပြောင်းလဲသကဲ့သို့ အကျိုးသက်ရောက်စေရမည်။ ”

### ၂။ မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားခြင်းဆိုင်ရာ အချက်အလက်များ

ကုမ္ပဏီအမည်ပြောင်းလဲရန် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားခြင်းကို ရှင်းလင်းသည့် အချက်အလက်များ